## ဗွီအိုအေ မြန်မာပိုင်းအစီအစဉ်
## ၂၀၀၄ ခုနှစ် နိုဝင်ဘာလ (၂၃) ရက် နံနက်ပိုင်းအစီအစဉ်

**ဗွီအိုအေ။** ။ သောတရှင်များခင်ဗျာ။ မြန်မာစစ်အစိုးရကအကျဉ်းသား ၃၉၀၀ ကျော်လွှတ်ပေးတယ်ဆိုတဲ့ နိုဝင်ဘာလ (၁၈) ရက်ကြေညာချက်ကိုကြိုဆိုကြောင်း၊ နိုင်ငံရေးအကျဉ်းသားတချို့ပါတဲ့အတွက် အားတက်ခဲ့မိကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်ရဲ့ သောကြာနေ့ကကြေညာချက်မှာဖော်ပြထားပါတယ်။ ဒီလိုအကျဉ်းသားလွှတ်ပေးတာဟာ မြန်မာနိုင်ငံမှာအမျိုးသားပြန်လည်သင့်မြတ်ရေးပေါ်ထွန်းဖို့ သင့်မြတ်တဲ့အခြေအနေဖန်တီးရေးမှာအရေးကြီးတဲ့ခြေလှမ်းလို့သဘောထားကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကဖော်ပြခဲ့ပြီး နိုင်ငံရေးအကျဉ်းသားအားလုံးနဲ့ အကျယ်ချုပ်ချထားသူတွေကိုပါလွှတ်ပေးမယ်လို့မျှော်လင့်ကြောင်း ကြေညာချက်မှာဖော်ပြထားပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ကြေညာချက်နဲ့ပတ်သက်ပြီး ပြည်ပအခြေစိုက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ NCGUB ရဲ့ကုလသမဂ္ဂဆိုင်ရာတာဝန်ခံ ဒေါက်တာသောင်းထွန်းက

**ဒေါက်တာသောင်းထွန်း။** ။ အကျဉ်းသားတွေလွှတ်တဲ့ကိစ္စကတော့ ကုလသမဂ္ဂအအထွေထွေအတွင်းရေးမှူးချုပ်က ဒါကို သူ့ရဲ့ Special Envoy ဖြစ်တဲ့ ရာဇာလီကရော ဝမ်းမြောက်ဝမ်းသာကြိုဆိုတဲ့လုပ်ငန်းပေါ့နော်။ ဒီမိုကရေစီလုပ်ရှားမှုထဲမှာပါတဲ့ NLD အပါအဝင်ပေါ့နော်၊ နိုင်ငံရေးအဖွဲ့အစည်းတွေပါတီတွေ၊ အင်အားစုတွေတော်တော်များများဟာ ဒီကိစ္စကိုကျနော်တို့ကြိုဆိုပါတယ်။ UN ကလည်းပဲ အလားတူကြိုဆိုလိုက်တာပေါ့နော်။ ဒါပေမဲ့ တချိန်တည်းမှာ ဒီဟာကကောင်းတဲ့လုပ်ငန်းစဉ်ဖြစ်တယ်။ အဲ ကျန်တဲ့နိုင်ငံရေးအကျဉ်းသားများအားလုံး နေအိမ်မှာအကျယ်ချုပ်ချခံထားရတဲ့ အဲ့ဒီခေါင်းဆောင်တွေအပါအဝင်ပေါ့နော် အားလုံးကိုလွှတ်ဖို့ဆိုပြီးတော့ တိုက်တွန်းထားတာကျနော်တို့တွေ့ပါတယ်။ စက်တင်ဘာလကစပြီးတော့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ထုတ်ပြန်ချက်တွေလုပ်တဲ့အပိုင်းမှာ သူ့ရဲ့အထူးကိုယ်စားလှယ်ဖြစ်တဲ့ မစ္စတာရာဇာလီ မြန်မာပြည်ထဲကိုပြန်ပြီးတော့သွားခွင့်ရဖို့ တချိန်တည်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ နအဖကြားထဲမှာ တွေ့ဆုံဆွေးနွေးပွဲတွေပြန်ဖြစ်လာဖို့ ဒါကို ကုလသမဂ္ဂကကြားဝင်ဆောင်ရွက်မှုကိုလက်ခံဖို့ ဒါတွေ ကျနော်တို့ တိုက်တွန်းတာတွေ့ရပါတယ်။ သောကြာနေ့ကနေစပြီးတော့လွှတ်တဲ့အပိုင်းမှာ နိုင်ငံရေးအကျဉ်းသား (၂၈) ယောက်လောက်ပဲရှိတယ်ဆိုတာ ကျနော်တို့တွေ့ရတယ်။ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်လွှတ်လာတာကတော့ ဒါကျနော်တို့ ထူးထူးခြားခြားလည်းဖြစ်တယ်။ ကျနော်တို့အားလုံး ဝမ်းမြောက်သာလည်းရှိတယ်။ အဲ ကျန်တဲ့ သီတင်းပါတ်တွေမှာ လွှတ်လာတဲ့လူတွေထဲမှာ နိုင်ငံရေးအကျဉ်းသားတွေဘယ်လောက်ပါမလဲဆိုတာ ကျနော်တို့စောင့်ကြည့်ရမယ်။ အဲ ကျနော်တို့ UN ကလိုလားတဲ့လိုလားချက်ကတော့ ကျနော်တို့နိုင်ငံရေးအကျဉ်းသားတွေလွှတ်တဲ့အပြင် ဒါ ဒေါ်အောင်ဆန်းစုကြည်အပါအဝင်ပေါ့နော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်အနေနဲ့စတင်ညှိနှိုင်းဆွေးနွေးမှုတွေလုပ်ပြီးတော့ ဇန်နဝါရီလ အမျိုးသားညီလာခံပြန်မစခင်မှာ နိုင်ငံရေးအင်အားစုတွေလက်ခံနိုင်တဲ့ မြန်မာပြည်အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တရပ်ကိုရရှိနိုင်ဖို့ ဆွေးနွေးပွဲတွေကိုအမြန်ပြန်ပြီးတော့လုပ်ဖို့၊ လုပ်နိုင်ဖို့အတွက်လည်းပဲ ကုလသမဂ္ဂကကြားဝင်ဆောင်ရွက်မှုတွေကိုလက်ခံဖို့၊ မစ္စတာရာဇာလီ မြန်မာပြည်ထဲကိုအမြန်ဆုံးပြန်သွားနိုင်ဖို့ လိုလားချက်ရှိတယ်ဆိုတာ ကျနော်တို့တွေ့ရပါတယ်။

**ဗွီအိုအေ။** ။ မြန်မာစစ်အစိုးရက အကျဉ်းသားလွှတ်ပေးမှုဟာ ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ဆုံးဖြတ်ချက်အပေါ် လွှမ်းမိုးမှုမရှိနိုင်တော့ဘူးလို့ ဒေါက်တာသောင်းထွန်းကပြောပြသွားပါတယ်။

**ဒေါက်တာသောင်းထွန်း။** ။ ဆုံးဖြတ်ချက်တော့ ပြီးခဲ့တဲ့အင်္ဂါနေ့ပေါ့လေ နိုဝင်ဘာလ (၁၆) ရက်နေ့မှာ ကျနော်တို့ဆုံးဖြတ်ပြီးပါပြီ။ ဒီဆုံးဖြတ်ချက်မှာ အဓိကထူးခြားချက်ကတော့ လမ်းပြမြေပုံနဲ့ပတ်သက်လို့ဆွေးနွေးတဲ့နေရာမှာ တကယ်အကောင်အထည်ဖော်မှုအပိုင်းတွေမှာလည်းပဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့တခြားတိုင်းရင်းသားပါတီတွေမပါသေးဘူး။ နောက်တခုက ဒီလမ်းပြမြေပုံဆိုတဲ့နေရာမှာလည်းပဲ အချိန်ဇယားအတိအကျနဲ့ ဘယ်အချိန်မှာ ဘယ်လိုပြောင်းလဲမှုတွေလုပ်မယ်ဆိုတဲ့ လုပ်ငန်းစဉ်တွေမပါဘူးဆိုတဲ့အပိုင်း ဝေဖန်ထားတာတွေရှိပါတယ်။ နောက်တခုက ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာရာဇာလီရော နောက် လူ့အခွင့်

အရေးဆိုင်ရာ မစ္စတာပင်ဟဲရိုးရော ပြန်သွားခွင့်မရတဲ့ဟာတွေနဲ့ပတ်သက်လို့လည်းပဲ သူတို့တော်တော်လေး ဝေဖန်ထားတဲ့အပိုင်းတွေရှိပါတယ်။

**ဗွီအိုအေ။** ။ သောတရှင်များခင်ဗျာ။ မြန်မာစစ်အစိုးရက ကုလသမဂ္ဂနဲ့အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းတို့နဲ့ ဆက်ဆံရေးပြန်ဖြစ်လို့ရင် အကျဉ်းသားလွတ်တာနဲ့အတူ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုပါ တွဲပြီးလုပ်ဖို့တော့လိုမယ်လို့ထင်မြင်ကြောင်း NCGUB အဖွဲ့မှ ဒေါက်တာသောင်းထွန်းကပြောကြားပါတယ် ခင်ဗျာ။